**ယုံကြည်ခြင်းသည် ယနေ့သင့်အား ဘုရားရှင်က လုပ်ခိုင်းသော အရာကို လုပ်ဆောင်ပြီးသူအား မနက်ဖြန်ကို တာဝန်ယူရန် ယုံကြည်ကိုးစားခြင်းပင် ဖြစ်သည်။**

**သင်**ယုံကြည်ခြင်းရှိရမည်မှာ ယနေ့ဖြစ်ပြီး ဘုရားရှင်က သင့်ကို ခွန်အားပေးသည်မှာလည်း ယနေ့အတွက်ပင်ဖြစ်သည်။ "သင်၏နေ့ရက်ကာလ ဖြစ်သည်အတိုင်း သင့်အစွမ်းသတ္တိ ဖြစ်လိမ့်မည်" (တရားဟောရာကျမ်း ၃၃း၂၅) ဘုရားသခင်သည် ထိုအချိန်အတွက် သင့်အား အစွမ်းတန်ခိုးကိုငင်း စုံစမ်းစစ်ဆေးခြင်းအတွက် ကျေးဇူးတော်ကိုငင်း အချိန်ကျသောအခါ ထိုအချိန်နာရီတွင် ပေးမည်ဖြစ်ရာ ထိုအချိန်မကျမီ ကြို၍ပေးမည်မဟုတ်။ သင်သည် မနက်ဖြန်အတွက် ယနေ့ယုံကြည်ခြင်း ရှိစရာမလို။ ဘုရားသခင်ကို ယုံကြည်ကိုးစားပါ။ သင်၏ ကောင်းကင်ဘုံရှင်အဖက သင့်ကိုချစ်ပြီး ယနေ့သင့်ကို တာဝန်ယူ စောင့်ရှောက်သည့်နည်းတူ မနက်ဖြန်တွင်လည်း သင့်ကို တာဝန်ယူစောင့်ရှောက်ပေလိမ့်မည်။

သခင်ယေရှုက "နက်ဖြန်အဘို့မစိုးရိမ်ကြနှင့်။ နက်ဖြန်နေ့သည် မိမိအဘို့စိုးရိမ်လိမ့်မည်။ ယနေ့၌ရှိသော မကောင်းမှု မသင့်သောအရာသည် ယခုနေ့ဘို့လောက်ပေ၏" (မဿဲ ၆း၃၄) ဟုပြောခဲ့သည်။ မနက်ဖြန်အတွက် ပူပန်ခြင်းကို ရပ်ဆိုင်းပစ်လိုက်ပါ။ ထိုအရာက ပညတ်တော်တစ်ရပ်ပင်ဖြစ်ပြီး စိတ်တိုင်းကျ ရွေးချယ်နိုင်သော အရာမဟုတ်။ ၎င်းက အကြံဉာဏ်ကောင်း တစ်ခုမျှသာမဟုတ် ယင်းကမိန့်ဖြစ်သည်။ မနက်ဖြန်ကျရောက်လာသောအခါ ၎င်းကိုဘုရားရှင်တာဝန်ယူပေလိမ့်မည်။

မနက်ဖြန်သည် ငါနှင့်မည်သို့မျှမသက်ဆိုင်<br>
ထိုအရာကို ငါ၏ ကယ်တင်ရှင်က သူ၏တာဝန်အဖြစ်ပြုခဲ့ပြီ။<br>
၎င်း၏ ကျေးဇူးတော်နှင့် ၎င်း၏ ခွန်အားကို ငါချေးငှါး၍မရနိုင်<br>
ထိုကြောင့် ၎င်း၏တာဝန်ယူခြင်း ငါအဘယ်ကြောင့် ချေးငှါးရမည်နည်း?<br>
၁။ စာရေးသူအမည်မသိ